

ပုဏ္ဏမိ
ကျေးဇူးပြု၍တမ်းတပေးပါ

## အခန်း (၁)

"ကျော် . . . ကျော် . . . အဲဒီကားကို ကျော် . . . ကျော်တက်လိုက် . . . ဟာ . . . ရှေ့ကကားကို ပြောနေတာကွ. . . ကိုကိုရ . . . ကြည့်စမ်း တမင်အကျင့်ပုပ်ပြီး ဘယ်ဘက်ကို လာတိမ်းထားတယ် . . . ကိစ္စမရှိဘူး. . . ညာဘက်ကပဲ ကျော်. . . လွတ်တယ်. . . ဝင်လို့ ရတယ် . . . နောက်ကားလည်း ရှင်းတယ် . . . တက်"

"ပီယ" မှာ ညီမငယ်ဖြစ်သူ "ဂီတ" ရဲ့ အော်ကြီးဟစ်ကျယ် တိုက်တွန်းပြောဆိုနေမှုများ နောက် သို့ . . . ယောင်ယောင်ကန်းကန်းနှင့် လိုက်လုပ်နေမိပြီးမှ . . . ရှေ့ကားကို ညာဘက်က ကပ်ကျော်မိလိုက်ပြီးချိန်မှာ . . . "ကျွတ်" ခနဲ . . . အော်မြည်လိုက်ပါသည် . . .။

"အောင်မာ . . . နေးကလည်း နှေးသေး . . . စုတ်ကလည်း စုတ်သေး . . . ဘေးကလည်း မကပ်ချင်သေး. . . ကိုကို . . . ဒီတစ်ခါ အရှေ့ကအပြာရောင်မျောက်စုတ်ကို ကျော်မယ်နော်. . . ဂီတ . . . နောက်ကားကြည့်ပေးမယ်. . . အသင့်ပြင် . . ."

"တော်ပါပြီ ဂီတရာ. . . ငါကလည်း ကလေးမြှောက်ပေးတိုင်း အဟုတ်ကြီးပါလို့ . . . ငပေါကြီး ကျနေတာပဲ . . . ကိုယ့်ဘာသာကိုယ် သွားလိုရာကို အေးအေးဆေးဆေး . . . သူ့အချိန်နဲ့ သူ . . . အန္တရာယ်ကင်းကင်း ရောက်သွားဖို့ ပဲ အရေးကြီးတယ် . . . အဲဒါမျိုး အကျင့်တွေ ဖျောက်

တော့ . . . ငါလည်း စွန့်လွှတ်လိုက်ပြီ . . .”

ကားပြတင်းပေါက်ထဲကနေ လူတစ်ကိုယ်လုံးကြီး ထွက်ကျတော့မတတ် ဖြစ်ပျက်နေသည့် ဂီတက . . . အစ်ကိုဖြစ်သူကို မျက်စောင်းရွယ်ရန်အတွက် . . . ကားထဲသို့ ခေါင်းနဲ့ ကိုယ် . . . ခဏပြန်ရောက်လာပါသည် ။ သို့သော်. . . ကြာကြာအချိန်မယူနိုင် . . .။ ခပ်မြန်မြန် မျက်စောင်းတစ်ချက်ကို . . . ခပ်လျှမ်းလျှမ်းပဲ ပစ်လွှတ်ပြီးသကာလ. . .

“ခုဘတ်စ်ကားကြီးပြီးရင် . . . ညာဘက်ပြန်ကပ်ထားလို့ ရပြီ. . . ရပြီ . . . ကပ်. . . ဆွဲ . . . ပြီးရင် . . . ဟိုအပြာစုတ်ကို . . . ဖင်လေးနဲ့ အသာလေးတစ်ချက်လောက် ရိုက်ပေးခဲ့. . .”

ဂီတက . . . သူ့စကားနောက်သို့ အလိုက်သင့် ပါမလာတော့သော ပီယကို . . . မကျေမနပ်ကြီး လှည့်ကြည့်လာပါသည် . . .။ ပီယက နှုတ်ခမ်းကိုရွဲ့ကာ . . . ပခုံးကိုသာ တစ်ချက်တွန့်ပြလိုက်မိတော့သည် . . .။ ဂီတထံမှ . . . “အီး . . .” ဟူသော သံရှည်ကြီးတစ်ချက် . . . မကျေမနပ်ပုံစံကြီးနှင့် ထွက်ပေါ်လာလေသည် . .။

ဒီညီမငယ်တစ်ယောက်ကို . . . ကားကိစ္စနဲ့ ပတ်သက်လာရင် အဲဒီလို . . . စွမ်းစွမ်းတမံတွေ တက်ကြွပြီး . . . အန္တရာယ်များ သော လုပ်ရပ်တို့နှင့် မွေ့လျော်ပျော်ပိုက်စေခဲ့ကြသူများမှာ . . . တခြားသူ များ လည်း မဟုတ်ပါ . .။ သူ့အစ်ကိုနှစ်ယောက်ဖြစ်တဲ့ . . . သီဟနဲ့ ပီယတို့ ပဲ ဖြစ်ပါသည် ။

သီဟနဲ့ ဆိုရင် . . . ဆယ်နှစ်ကြီးများ တောင် . . . ၊ ပီယနဲ့ ဆိုရင်တော့ ရှစ်နှစ်တိတိငယ်တဲ့ တစ်ဦးတည်းသော ချစ်ညီမလေးကို . . . အစ်ကိုဖြစ်သူတွေ ထိန်းကျောင်းခဲ့မိတဲ့ ပုံစံကလည်း . . . အဲသလိုလေ . . .။ သီဟနဲ့ ပီယတို့ အရွယ်ရောက် . . . ၊ လူပျိုပေါက်တွေ ဖြစ်လာချိန်မှ စ

ကာ . . . ကားတစ်စီးနဲ့ ညီအစ်ကိုနှစ်ယောက် . . . ဟိုသွား ဒီသွားတွေ ဖြစ်လာကြတော့ . . . မျက်စိဒေါက်ထောက် လိုက်မအုပ် နိုင်ကြတော့တဲ့ မိဘနှစ်ပါးရဲ့ အုပ်ထိန်းပုံကလည်း . . . ကြည့်လေ. . .။

ယောကျ်ားလျာလိုလို . . . ဘာလိုလိုနှင့် . . . ဘောင်းဘီတွေ . . . ရှပ်အင်္ကျီတွေပဲ ဆင်ထားတတ် သည့် ညီမငယ် ပိစိ တစ်ယောက်ကိုပါ အစ်ကိုနှစ်ယောက်တို့ ရဲ့ ကားပေါ်တင်လွှတ် . . . ထည့်ပေးလိုက် ခြင်းအားဖြင့် . . . ဒီပိစိမကို ငဲ့တွက်ကာ . . . အစ်ကိုနှစ်ယောက်တို့ နဲ့ . . . သူငယ်ချင်း အပေါင်းအသင်းများကိုပါ . . . မဟုတ်တရုတ် . . . ဗရုတ်သုတ်ခကိစ္စတွေ လျှောက်မလုပ်ဖြစ်တော့အောင် . . . သွယ်ဝိုက် ကာ . . . ထိန်းချုပ်ပြီးသား . . . ရစေခြင်း. . .။

သီဟရော ပီယပါ . . . မိဘများ မျှော်လင့်သကဲ့သို့ အရက်သောက်၊ ဖဲရိုက်၊ ဆေးချ၊ မိန်းမရှုပ်၊ ရန်ဖြစ် . . . စတဲ့ လူငယ် လူရွယ်တို့ ရဲ့ မကောင်းမှုဒုစရိုက်မှန်သမျှကို . . . တကပ်ကပ်ပါနေတဲ့ ဂီတကို ငဲ့ပြီး မလုပ်ဖြစ်ခဲ့ကြတော့တာလည်း မှန်ပါရဲ့ . . .။ (သီဟကတော့ . . . “လုပ်မယ်ဆို . . . ရတဲ့ နည်းတွေ ရှိပါ့ကွာ. . . ငါတို့ ကိုက လိမ္မာချင်တာပါ . . .” ဟု မကြာခဏ ဆိုသလို ကြွေးကြော်တတ်လေ့ ရှိပါသည် . . .။)

သို့သော် . . . ရောဂါပျောက်ဖို့ ဆေးသောက်ရရင်တောင်မှ ထိုဆေးရဲ့ Side effect (ဘေးထွက် ဆိုးကျိုး) ဆိုတာမျိုးကို ပူးတွဲလက်သင့်ခံကြရသေးတာပဲနော် . . .။ မိဘများ မျှော်လင့်သလို သီဟရော ပီယပါ . . . မဟုတ်တာ မလုပ်ချင်တော့တဲ့ ယောကျ်ားလေးများ ဖြစ်လာခဲ့ပေမဲ့ . . . သမီးမိန်းကလေး ဖြစ်တဲ့ ဂီတမှာ တော့ . . . Side effect အနေနဲ့ . . . ပုံမဟုတ် ပတ်မဟုတ်. . .။ ယောကျ်ားလျာလည်း မဟုတ် . . .။ ယောကျ်ားစစ်စစ် . . . မိန်းမစစ်စစ်တွေနဲ့ လည်း မတူ . . .၊ မျောက်တစ်ကောင်နဲ့ သာ

တူနေတော့တဲ့ . . . မိန်းကလေးမျိုး . . . ဖြစ်ကျန်နေလေတော့သည် . . . ။

အဆိုးဆုံးကတော့ . . . သီဟနဲ့ သူ့အပေါင်းအသင်းများ . . . ။ ပီယနဲ့ . . . သူငယ်ချင်းဘော်ဒါ များ . . . အားလုံးတို့ ရဲ့ . . . အန္တရာယ်ကြီးသော ဝါသနာအလေ့တစ်ခုဖြစ်တဲ့ . . . ကားအမြန်မောင်းခြင်း၊ ကားချင်းပြိုင်ကြဲခြင်း. . . ၊ "ငါ့လာမကျောနဲ့ . . . ငါကအတော်ဆုံး. . . ငါ့ကားက စက်ချင်းယှဉ်လိုက်ရင်တော့ အကောင်းဆုံး . . ." ဆိုတဲ့ စိတ်ဓာတ်ဆိုးကြီးတစ်ခု . . . ဂီတမှာ . . . အမြစ် စွဲကျန်ရစ်နေခြင်းလေ . . . ။

ငယ်တုန်းကတော့ . . . ညီအစ်ကိုကလည်း နှစ်ယောက်။ အပေါင်းအသင်းအုပ်စုကလည်း ခပ်တောင့်တောင့် . . . ။ မိဘကလည်း မဟုတ်တာမလုပ်ကြရင် ပြီးရော . . . ။ အသက်အန္တရာယ် မရှိနိုင်ရင် ပြီးရော . . . သီဟရော . . . ပီယပါ . . . ကားချင်းပြိုင်ရတာ . . . ဖိုက်ရတာ . . . ။ ကိုယ့်လာ ကျောရင် ပြန်ပညာပြရတာတွေမှာ . . . မွေ့လည်း မွေ့လျော်ကြ . . . ဆရာကြီးတစ်ဆူလို . . . ကျွမ်း လည်း ကျွမ်းကျင်ကြ . . . ။

တစ်ခါတလေ. . . တစ်စီးတည်း . . . ။ တစ်ကိုယ်တော် . . . ။ တစ်ခါတလေ အုပ်စုလိုက်ကြီး . . . အပြိုင်ကြဲကြတိုင်း . . . ကိုယ့်ကားထဲမှာ ဒီ . . . ဗုံမဟုတ် ပတ်မဟုတ် ညီမတော်က ပါမြဲဆိုတော့ကာ . . . ဒီညီမ ပိစိခ မျာလည်း . . . ဒီစရိုက်ဆိုးမှာ သူပါမွေ့လျော်လာတာ . . . သူ့အပြစ်တွေတော့ သိပ်မရှိလှပါ . . . ။ အစ်ကိုတွေ . . . အစ်ကို့ သူငယ်ချင်းတွေကလည်း ကလေးပါးစပ်ကနေ ပေါက်ကရပြောတိုင်း . . . သူပြောသလို လိမ်ကောက်ကျော်တက် . . . ၊ ပညာပြ . . . မောင်းလာခဲ့ကြတာ . . . မဟုတ်တဲ့ နေရာ မျိုးဆို . . . အလိုလိုက်ပေးခဲ့ကြတာကိုး. . . ။

ခုနေခါကျတော့ . . . သီဟနဲ့ ပီယတို့ ရဲ့ အပေါင်းအသင်းများကလ

ည်း . . . အသက်ရ၊ အိမ်ထောင်ကျ အလုပ်နဲ့ အကိုင်နဲ့ လူကြီးတွေဖြစ်ကုန်ကြ. . .၊ အခြေငြိမ် . . .။ သီဟကိုယ်တိုင်လည်း အလုပ်တစ်ခုမှာ အခြေတကျနဲ့ . . . မိန်းမလည်း ရပြီးဖြစ်ကာ . . . ငယ်ဘဝက ငယ်စိတ်နဲ့ ပေါက်ကရလုပ်ခဲ့မိကြတဲ့ အကျင့်မျိုးတွေကို လျှော့စပြုကြပြီ . . .။ ပျောက်စပြုကြပြီ . . .။

ပီယကိုယ်၌ မှာ လည်း . . . အုပ်စုက တဖြည်းဖြည်း အင်အားနည်းလာတာရော. . .၊ ကိုယ်တိုင်က ရင့်ကျက်အနည်ထိုင်ချင်လာတာရော . . .။ ကားတွေ ယာဉ်တွေ အန္တရာယ်ကလည်း . . . ပီယတို့ ကျောင်းသားလူငယ်ဘဝကလို . . . မဟုတ်တော့ဘဲ . . . ကားတွေက အဆမတန်များပြား၊ အန္တရာယ်က ပိုကြီးထွားလာတာရော . . . နှင့် . . . အပြင်ထွက်ဖို့ ကားပေါ်တက်လိုက်ပြီ ဆိုတာနဲ့ . . . ဟိုအရင်ကလို . . . ဇောင်းကွ ၊ ခွာတရှပ်ရှပ် ဖြစ်ချင်နေတာမျိုး မရှိတော့ပြီ . . .။

အဲဒီလို အချိန်မှာ . . . အကျင့်မပြင် . . .၊ ဗီဇမပျောက်ဘဲ ကျန်ရစ်ချင်သူက . . . ညီမငယ် ဂီတ ဖြစ်နေပါသည် ။ မပြင်နိုင်သေးဆို . . . ကိုယ်တွေ မိုက်ခဲ့ကြစဉ်က . . . ကားပေါ်သာ . . . အဖွဲ့ဝင် တစ်ယောက်အနေနဲ့ ပါပါလာတတ်တာ . . .။ သူက . . . ကလေး . . .။ ခုချိန်ကမှ . . . သူ့ရဲ့ တကယ့် . . . ဇောင်းကွလို့ ကောင်းတဲ့ . . . တက်လူအရွယ်ကို ရောက်ရှိတာလေ။

သီဟကတော့ မိန်းမယူပြီးကတည်းက . . . "တာ့တာ" ပြ လွတ်မြောက်သွားပြီပဲဖြစ်ရာ . . . ဒီ . . . ဇောင်းကွနေတဲ့ မျောက်ကလေးတစ်ကောင်နဲ့ ကျန်ရစ်ရတာက . . . "ပီယ" သာဖြစ်တော့သည် . . .။ ကိုယ်က ငြိမ်ချင်ပြီ . . . သူက တက်ကြွဆဲ . . .။ ကိုယ်က အန္တရာယ်ဆိုတာကို ခေါင်းထဲထည့်တတ် လာပြီ. . . သူက အကြောင်းပြချင်ဆဲ . . .။ ကိုယ်က . . .

ဘာအကျိုးအမြတ်မှ မရှိတဲ့ အရည်မရ အဖတ်မရ အလုပ်မျိုး . . . ဟု သဘောပေါက်နိုင်ပြီ . . . သူက . . . လာကျောတယ်ထင်ရင် . . . တန်ပြန်ရမှ ဟု . . . မြင်ဆဲ. . .။

ပီယမှာ . . . ဒီညီမတစ်ယောက်ကို . . . ကားမောင်းသင်ပေး၊ လိုင်စင်ယူပေးလိုက်တာမျိုးလည်း မလုပ်ရဲ. . .။ အိမ်က ဒရိုင်ဘာတွေနဲ့ လည်း ထည့်မလွှတ်ရဲ . . .။ (ဒရိုင်ဘာတွေက မကောင်းလို့ မဟုတ် . . . သူမြှောက်ပေးတိုင်း . . . ကားသမားဆိုတော့ ယောင်ယမ်းပြီး လိုက်ပါမိရင် . . . ကိစ္စများကုန်ရမှာ စိုးလို့ . . .) ဒီတော့ကာ . . . သူ့ကိစ္စရှိရှိ . . . ကိုယ့်ကိစ္စရှိရှိ . . . တတန်းတန်း တကပ်ကပ် ပါနေကာ . . . တက်ကြွသောင်းကျန်းနေတော့တဲ့ ဒဏ်ကို ခုလိုပဲ လှိမ့်ခံနေရတော့တာပါပဲ . . .။

ကိုယ်တိုင်ကလည်း အသိဉာဏ်ကလေး နည်းနည်းရှိလာလို့ . . . ဆင်ခြင်လိုက်တော့တဲ့ အပိုင်းကို ရောက်နေတာလေ . . .။ ငယ်ကျင့်နဲ့ ဗီဇဆိုတာကတော့ လွယ်လွယ်နဲ့ ဘယ်ဖျောက်နိုင်မှာ လဲ . . .။ တစ်ခါခါကျ . . . နံဘေးကနေ မြှောက်ထိုးပင့်ကော်နဲ့ အော်ဟစ်သောင်းကျန်းနေရင် . . . ကိုယ်လည်း ယောင်ယောင်ကန်းကန်းနဲ့ ငယ်ကျင့်ပေါ်ပြီး . . . လိုက်ကြဲမိလိုက်တတ်တာမျိုးတွေ ဖြစ် ဖြစ်သွားမိတာပေါ့ . . .။ ပြီးကျမှ . . . "ကျွတ် . . ." တွေ . . . "တောက်" တွေနှင့် ညီမဖြစ်သူကိုရော . . . ကိုယ့်ကိုယ် ကိုယ်ပါ . . . စိတ်တွေတို . . .။

သို့သော် . . . နောင်အကြိမ်တွေကျလည်း . . . စိတ်က ထပ်လွှတ်သွားမိပြန်ပြီး . . . ညီမသြဇာ နောက်တွေ ပါမိပြန်. . .။ ပိစိကွေးဘဝကနေ ခုအပျိုကြီးဖားဖား ဖြစ်တဲ့ အထိ ဒီလို . . . ကားအပြိုင် အဆိုင်ကိစ္စမျိုးနဲ့ ပတ်သက်လာရင်တော့ . . . အတွေ့အကြုံတွေ ရင့်ကျက်၊ လိုတာထက် ပိုနေခဲ့သေးတဲ့ ညီမဖြစ်သူကလည်း . . . အစ်ကိုနှစ်ယောက်မောင်းတဲ့

ကားကို ပြတင်းထဲက ခေါင်းထွက်ကြည့်ပြီး စီစဉ်ညွှန်ကြားနေကျ . . . ဆိုတော့ . . . သူ့အမိန့်နောက်သို့သာလိုက် . . .။ မှားတယ် . . . ထိတယ် . . . ဆိုတာမျိုး မရှိဖူးခဲ့တာတော့ အမှန်ပဲဖြစ်သည် လေ. . .။

"အချိုးကို ပြောင်းပါတယ်. . . ကြည့်ရတာ ကိုကိုလည်း . . . ကိုကိုကြီးလိုပဲ . . . ဒေါ်ဩဇာ တစ်ယောက်ယောက်နဲ့ တွေ့နေပြီနဲ့ တူပါတယ် . . . သူတို့ အသက်လေးတွေများ ဖန်ပေါင်းချောင်ထဲထည့် သော့ခတ်ပြီးမှ မီးခံသေတ္တာထဲ ထပ်ထည့်ထားချင်ကြတဲ့ အချိုးအချိတ်တွေ. . ."

" မဟုတ်ဘူး . . . အငယ်မရဲ့ . . . ခုခေတ်. . . ကားတွေလမ်းတွေ ရုပ်ထွေးများ ပြားလာပုံက . . . ငါတို့ ငယ်ငယ်ကနဲ့ တူကိုမတူတော့ဘူး. . ."

"ဘာမှ မဆိုင်ဘူး . . . ကိုကိုတို့ က အရင်ခေတ်နဲ့ ဒီခေတ်ကြားထဲမှာ ကားမမောင်းဖူးဘဲနဲ့ အိပ်ပျော်ကျန်နေရစ်တာလည်း မဟုတ်ဘူး . . . နေ့တိုင်းမောင်းနေကျ. . . ဘာပြဿနာမှ လည်း ရှိဖူးတာ မဟုတ် . . . ဒီလောက် ကျွမ်းကျင်ပိုင်နိုင်နေတာ . . ."

"ဘယ်လောက်ပဲ ကျွမ်းကျင်ကျင်. . . စက်ကစက်. . . လူကလူပဲ . . . ယုံကြည်စိတ်ချထားလို့ မရဘူး. . . လူဆိုတာမှာ တောင်. . . ကိုယ်မဟုတ်တဲ့ တခြားသွားလာနေကြတဲ့ လူပေါင်းစုံရဲ့ စိတ်အခြေအနေတွေကို အပိုင်တွက်ထားလို့ ကို မရနိုင်ဘူး . . ."

"တော်ပါပြီ . . . ဘာပျော်စရာမှ မရှိတော့ရင် . . . အိမ်ထဲက အိမ်ပြင်ထွက်နေဖို့ တောင် မကောင်းတော့ပါဘူး . . . အချိုးတွေကို ပြောင်းကြတာပါ . . . မိန်းမယူဖို့ အတွက် . . . မကျိုးဖို့ မသေဖို့ သိပ်အရေးကြီးနေတယ် မဟုတ်လား . . . လောကကြီးမှာ . . . ကျိုးဖို့ သေဖို့ ကံပါရင် ကားကိစ္စကြောင့်ပဲ ကျိုးသေနိုင်တာ မဟုတ်ပါဘူး . . . ကိုယ့်အိပ်ခန်းထဲက ကိုယ့်ခုတင်ပေါ် ငုတ်တုတ် ငြိမ်ငြိမ် ထိုင်နေရင်လည်း ပဲ . . . လျှောင်လှုပ်

. . . အိမ်ပြုကျပြီး . . . ကျိုးသေရင် သေမှာ ပဲ . . .”

“ဟာ . . . ဒီကောင်မလေး . . . ဘာတွေလျှောက်ပြောနေတာလဲဟ”

စိတ်လုပ်ပြီး ခေတ္တခဏ ငြိမ်သက်နှုတ်ပိတ်သွားသည့် ဂီတတစ်ယောက် . . . ဘယ်လောက်မှ မကြာလိုက်ခင်မှာ ပဲ . . . ပါးစပ်က ပြန်ပွင့် . . . လူကပါ လှုပ်ရှားလာပြန်ပါသည် . . .။ အကျင့်ဆိုတာ မျိုးကတော့ လူတစ်ယောက်ဆီမှာ . . . ဖျောက်နိုင် . . . ထိန်းနိုင် . . . ခဲသားပဲလေ . . .။

“ဟာ . . . လိုက်. . . လိုက် . . . လိုက် . . . ကြည့်စမ်း . . . တမင်သက်သက်ကြီးကို လာကျောသွားတာ . . . တောက် . . . လက်ထဲမှာ စူးသေနတ်သာရှိရင် . . . သူ့ဘီးတော့ ပစ်ဖောက်ပြီးသားပဲ . . . လိုက်. . . လိုက် . . . ကိုကို . . . ညာကြောကပ်ထား . . . ကားရှင်းတယ် . . . ရပြီ ကျော်လိုက် . . . မီးပြ ကျော် . . .”

ပီယကား . . . ဒီဒုက္ခတွေကနေ လွတ်မြောက်ငြိမ်းချမ်းသွားခဲ့ပြီဖြစ်တဲ့ သီဟကိုပဲ . . . “ဟွန်း” ခနဲ . . . အမှတ်ရ . . . အမြင်ကတ်ရကာ . . . ညီမငယ်ရဲ့ ညွှန်ကြားချက်တွေနောက်သို့ . . . ပါမှန်းမသိ . . . ပါနေမိရပြန်ပြီ ဖြစ်ပါသည် . . .။

“ဩော် . . . နောက်ကား လိုက်လာလို့ . . . နသားပါးရား ပြေးချလာရတာကိုး . . . ဒါဆို . . . ဒီတစ်ခါ ဘယ်ဘက်လမ်းလွတ်ရင် ဘေးကပ်ပေးလိုက်တော့ ကိုကို . . . သူတို့ ဘာသာ . . . သူတို့ စရိုတ်နဲ့ သူတို့ဆက်ဖြစ်ကြပစေ . . . ကိုယ်ဝင်မပါနဲ့ တော့ ရပြီ . . . နေဦး . . . ဒီဒိုင်နာတစ်စီး . . . ဖင်ကောက်တစ်စီးပြီးရင် ဝင်လို့ ရမယ် . . . ဝင်မယ် . . . ရပြီ . . .”

“ညည်း . . . ကျောင်းပြီးရင် . . . စပယ်ယာလုပ်စားပါလား . . . ဖေ

ဖေ့သူငယ်ချင်းက (- -) လိုင်းမှာ ကားတွေဝင်ထားတယ် ပြောတယ် . . . ဖေဖေ့ကို ငါ ပြောခိုင်းပေးမယ် . . .”

ဂီတက ကားမောင်းနေသည့် ပီယရဲ့ လက်ပြင်ကို “ဖြန်း”ခနဲ ခပ်ပြင်းပြင်းတစ်ချက် တီးထည့်လိုက်ပါသည် . . ။ ရုတ်တရက်မို့ အငိုက် မိပြီး အတော်ကြီး နာကျင်သွားရသည့် ပီယသည် . . . ဂီတရဲ့ လက်ဝါး လေး . . . ဒုတိယအကြိမ် ထပ်မြောက်တက်လာချိန်မှာ တော့ . . . ကိုယ့် လက်နဲ့ . . . ကလေးရဲ့ လက်ကို . . . ဖမ်းဆွဲ . . . ။ အမိမခံနိုင်သည့် ဂီတ ကလည်း . . . ရှုပ်ရှုပ်ထွေးထွေး ကြားထဲမှ . . . မရမက . . . တစ်ချက်လှ မ်းထပ်ထုပြီး . . . တိမ်းရှောင်လိုက်ချိန်၌ . . .

“တိ . . .”

“ဟွန်းမတီးရ” ဆိုသော်ငြား . . . ပီယတို့ ကားရဲ့ ယိမ်းထိုးကွေ့ကော က်သွားမှုကြောင့် . . .နောက်ကားခများ . . . ကပ်ပွတ် ရှောင်ဆွဲသွားရပြီး . . . ဟွန်းသံရှည်တစ်ချက်နှင့် . . . လူကလည်း ခေါင်းထွက်ကာ ဆဲရေး သွားပါသေးသည် . . . ။

“လိုက် . . . လိုက် . . . အဲဒီကားကို လိုက် . . . ချေးတုံးကောင်ကြီး . . . ပါးစပ်ကလည်း ဆဲသေး . . . ဟွန်းကလည်း တီးသေး . . .”

ပီယက ရုတ်တရက် ဂီယာပြောင်းကာ ကားစက်ရှိန်ကို မြှင့်လိုက်ပါ သည် . . . ။ ဟိုကားကလည်း ပီယတို့ ကားရဲ့ အရိပ်အခြည်ကို ကြည့် ကာ . . . သူလည်း အရှိန်ပြောင်းပြီး . . . ရှေ့ကနေ မြွေလိမ်မြွေ ကောက်ပြေး . . . ။ ပီယတို့ က နောက်ကလိုက် . . . ။ ခေါင်းထွက်ကြည့် သည့် ညီမငယ်ကို အသံနှင့်ကော . . . ဟန်အမူအရာနှင့်ပါ ဆဲသွားသည့် အတွက် . . . ပီယရဲ့ ဆင်ခြင်နိုင်စိတ်တို့ ကလည်း . . . ခပ်လျော့လျော့ ဖြ စ်သွားပါသည် ။

ပီယတို့ ကားထဲမှာ . . . ဂီတရဲ့ ညွှန်ကြားသံများ နဲ့ အော်ဟစ်အား ပေး ဆူပူသံများ ညံစီလို့ နေသည် . . .။

"ကပ် . . . ကပ် . . . ညာဘက်ကပ် . . . လွတ်တယ် . . . ဟာ . . . မက ပ်နဲ့ တော့ ပြန်လျှော့ထား . . . နောက်မှာ ဘတ်စ်ကားတစ်စီး ကပ်ပါတ ယ် . . . ဟိုးရှေ့ကပွိုင့်ကို . . . သူ လွတ်မယ်နော် . . . ကိုကိုလည်း လွတ် အောင်ကပ်ထား . . .၊ ရပြီ . . . ဘယ်ကပ် . . .၊ ဟာ . . . ကပ်ပါဆို . . . ကြားထဲမှာ တစ်စီး ဝင်သွားပြန်ပြီ . . . ပြန်ကျော်လိုက် . . . ဟိုးရှေ့မှာ ညာဘက်လမ်းသွယ်ထဲကကား . . . တစ်စီးတောင်းထားတယ်နော် . . . သူ ပေးမှာ မဟုတ်ဘူး . . . ကိုကိုလည်း အဝင်မခံနဲ့ . . . ကပ်ထား . . . က ပ် . . . ကပ် . . ."

ထိုစဉ်တွင် ရှေ့မှ ပြေးသည့်ကားမှာ . . . သူ့ရှေ့မှ မာဇဒါဘီခြောက် ရာတစ်စီးကို မလွတ် တလွတ်နှင့် ဟိုဘက်ခြမ်း မျက်နှာချင်းဆိုင် လမ်းကြောထဲ အတင်းဝင်ပြီး ဘယ်ဝိုက်ကြီး ကျော်တက်ပစ်လိုက်ပါသ ည် ။ ပီယရဲ့ ကားမှာ သူ့လိုလိုက်လုပ်ဖို့ မဖြစ်နိုင်ပါ. . .၊ သူ့တုန်းက လွတ် သွားပေမဲ့ . . . ကိုယ့် အလှည့်ကျတော့ သိပ်နီး လာပြီဖြစ်သည့် . . . မျက် နှာချင်းဆိုင် ယာဉ်ကြောက ကားတွေနှင့် ခေါင်းချင်းဆိုင်ပြီး ဖြစ်သွားသ ည် ။ ရုတ်တရက် အရှိန်ကိုလျှော့ချဖို့ ကလည်း မလွယ် . . .။ ကိုယ့်နော က်မှာ နောက်ကားကလည်း ကပ်ပါလာသည် ။ ဒီပုံအတိုင်းဆို ရှေ့က ကားကို အတင်းကပ်လိုက်နေလေတဲ့ . . . ပီယဟာ . . . မာဇဒါဘီခြောက် ရာကို နောက်ကတည့်တည့် . . . ဝင်ဆောင့်ရမလို ဖြစ်နေပါပြီ . . .။

ပီယက ညာဘက်နည်းနည်း တိမ်းလိုက်၏ . . . ညာဘက်လမ်းသွယ် တစ်ခုတည်းကနေ အတင်းလမ်းတောင်းနေသည့် ကားကလည်း . . . ညာဘက်မှာ "ဟာ" ပြီဆိုပြီး . . . အသာလေးကပ်ကာ ဆင်းချလာပါသ

ည် . . ။ ပီယက ဘယ်ဘက်ကိုပြန်ဆွဲရသည် . . . ။ အဲဒီအချိန်မှာ . . . ပီယ ညာတိမ်းလိုက်သည့်အတွက် . . . ကပ်လိုက်နေသည့် နောက်ကားက လည်း . . . ဘယ်ကြောမှ နေ၍ ကျော်တက်ကာ . . . ဘီခြောက်ရာကိုပါ ထပ်ကျော်ပစ်ဖို့ နီးကပ် လာပြီ . . . ။

ညာအရမ်းကပ်ရင် . . . လမ်းသွယ်ထဲက ဆင်းချလာသည့်ကားနှင့် ထိမည် . . . ဘယ်ပြန်တိမ်းရင် နောက်ကားက အရမ်းကပ်နေပြီ . . . ။ ဘယ်သိပ်မကပ်ချင်ရင် ရှေ့တည့်တည့်နီးပါးမှာ က . . . ဘယ်နောက်ကြည့်မှန် မှန်စွန်းနှင့်ပင် မလွတ်ချင်တော့သည့် ဘီခြောက်ရာ . . . ။ ပီယမှ . . . ရုတ်ခြည်း ဂီယာပြောင်းချပြီး . . . ရှေ့တည့်တည့်ကိုသာ စွတ်ရွတ်ထွက်ပစ်လိုက်ဖို့ ရှိပါတော့သည် . . . ။

အဲသလို စွတ်ရွတ်ထွက်လိုက်ရချိန်မှာ . . . ညာဘက်က လျှောချလာတဲ့ ကားနဲ့ လည်း ဘာမှ မဖြစ် . . ။ ဘီခြောက်ရာနှင့်လည်း အတိုက်အခိုက်မရှိတာမို့ . . . သက်မချရမလို ရှိဆဲမှာ . . . "ကျွိ . . ."ခနဲ ဘရိတ်အုပ်သံများ နှင့်အတူ . . . လမ်းသွယ်ထဲက ထွက်လာတဲ့ ကားကလည်း ရုတ်တရက်ရပ် . . . ။ ဘီခြောက်ရာကလည်း ဖျတ်ခနဲရပ် . . .။ ကိုယ့်နောက်က ကပ်လိုက်နေကာ . . . ကိုယ့်ကိုရော . . . ဘီခြောက်ရာကိုပါ . . .ဘယ်ဘက်က ဝိုက်ကျော်သွားပြန်တဲ့ နောက်ကားတစ်စီးသာ . . . "ဝူး . . ." ခနဲ အရှိန်ထပ်မြှင့် မောင်းပြေးထွက်သွားပါတော့သည် ။

"ဘုရား . . . ဘုရား . . . ဘုရား . . . ကိုကို . . . ကိုကို . . ."

ပိစိပေါက်စဘဝ . . . ကားပေါ်စရောက်လာကတည်းက . . . ဘုရားတရားသံ တစ်ခါမှ မကြားခဲ့ရစဖူး . . . ညီမငယ်ထံမှ "ဘုရား" တသံတွေ စီညံသွားပါသည် ။ ဖြစ်ရပုံမှာ . . . ဘယ်ကားတွေက . . . ဘယ်လိုဖြစ်ပျက် ရှုပ်ထွေးလာကြလို့ . . . ခုလောလောဆယ် ဘယ်လောက်ဒုက္ခရောက်

. . . ကတ်သီး ကတ်သတ် ဖြစ်နေကြပြီလဲ . . . ဆိုတာကို . . . လုံးဝသိထားကြဟန် မတူသည့် လမ်းဖြတ်ကူးသူ . . . လူနှစ်ယောက်ကြောင့်တည်း . . .။

မိန်းမငယ်တစ်ယောက်ဟာ . . . ဘယ်ဘက်ကနေ အတင်းကြီးကျော်တက်လာကာ . . . အခု မောင်းပြေးပြီဖြစ်သည့်ကားကို ကြောက်ကြောက်ရွံ့ရွံ့နှင့် . . . ခလယ်အဖြူလိုင်းမှာ ရပ်နေရာမှ . . . နောက်လှည့်ပြန်ပြေးလာ . . .။ ဘီခြောက်ရာနှင့်တွေ့ . . .။ သို့သော် . . . နဂိုက ခပ်နှေးနှေးပဲ ရှိနေသည့် ဘီခြောက်ရာက အချိန်မီ ဘရိတ်မိတာမို့ ဘီခြောက်ရာကို ထပ်မံကျော်ဖြတ်လာနိုင်ပြီး . . . ပီယရဲ့ ကားနားသို့ ရောက်လာ . . .။

ထိုအချိန်မှာ ပဲ . . . ညာဘက်ပလက်ဖောင်းပေါ်မှာ ကျန်ရစ်တဲ့ (ထိုမိန်းမရဲ့ အဖော် ဖြစ်ဟန်တူတဲ့ ) ယောက်ျားတစ်ယောက်ဟာ . . . ထိုမိန်းမရဲ့ ဖြစ်အင်ကြောင့် . . . ဘာကိုမှ အမှုမထားနိုင်တော့ဘဲ . . . လမ်းလယ်ကောင်ဆီ တစ်ရှိန်ထိုးပြေးလာ . . .။ လမ်းသွယ်ထဲက လျှောထွက်လာတဲ့ ကားက ထိုလူ့အတွက် အချိန်မီ ဘရိတ်မိပြန်တော့ . . . ထိုယောက်ျားသည် လည်း ပဲ ပီယရဲ့ ကားရှေ့မှောက်သို့သာ မြန်မြန်ကြီး ရောက်ရှိလာ . . .။

ပီယမှာ . . . ခုနက ကျပ်တည်းရသလိုပင် . . . ဘယ်တိမ်းလျှင် တစ်ကား ညာတိမ်းလျှင် တစ်ကား . . . ဖြစ်နေသလိုပင် . . . ဘယ်ဘက်ယူလျှင် မိန်းမ . . . ညာဘက်သို့ ယူပြန်လျှင် ယောက်ျား . . .။ ကားနှစ်စီး ဘယ်ညာညှပ်ကာ ငြိကြတော့မလိုရှိစဉ်က လွတ်မြောက်ခဲ့ရခြင်းမှာ . . . ကားဆိုသည် ကား . . . များ သောအားဖြင့်တော့ ကိုယ့်လမ်းကြောင်းနှင့်ကိုယ် . . . ဆိုရင် အဆင်ပြေသွားတတ် ကြ၍ တည်း . . .။

လူကတော့ မတူ . . .။ သူ့လမ်းကြောင်း သူ့နေရာနှင့်သူ အလိုက်သင့် ဆက်လုပ်ရှားတတ်ကြတာမဟုတ် . . . ။ အထူးသဖြင့် ကြောက်လန့်နေကြပြီဆိုရင် ပိုဆိုးပါသည် . . .။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဦးတည်ရာမဲ့ . . . အရူးတစ်ပိုင်းလို ဖြစ်ကုန်တတ်ကြသူချည်း . . . ။ အခုလည်း ပီယမှာ . . . အရူးတွေလို ပြေးဝင်လာကြသည့် မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်တို့ ၏ အလယ်တည့်တည့်ကြီးက ကားဖြစ်နေရပါပြီ . . .။ ကိုယ်က မတိုက်ရရင်တောင်မှ သူတို့ ဟာသူတို့ ပြေးလာကြသော အရှိန်တွေနှင့် ကိုယ့်ကားကို ဝင်တိုက်ကြတော့မှာ . . . ဖြစ်နေပြီ . . .။

“. . . . . . . . .”

“. . . . . . . . .”

မိန်းမရော ယောကျ်ားပါ . . . တစ်ယောက်ကိုတစ်ယောက် . . . ဘာတွေမှန်းမသိ . . . မသဲမကွဲတွေ အော်ဟစ်လိုက်ကြသည် ။ ပီယ ခမျာ ရွေးချယ်စရာလမ်း မရှိပါ . . .။ ခုနကလိုပဲ ရှေ့တည့်တည့်ကိုသာ စွတ်ရွတ်ထွက်ပစ်လိုက်ဖို့ ပဲ ရှိပါတော့သည် ။ ဘရိတ်အုပ်ဖို့ ပင် မမီတော့ပြီ . . .။

“လဲသွားပြီ . . . လဲသွားပြီ . . . လဲကျကျန်ရစ်ခဲ့ပြီ . . .”

“ပါးစပ်ပိတ်ထားစမ်း . . .”

အသံကျယ်ကြီးနှင့် ကျုံးအော်နေသည့် ညီမဖြစ်သူကို ပီယက သူ့ထက်ကျယ်သော အသံနှင့် လွှမ်းအောင် အော်လိုက်သည် ။ အရှိန်လျှော့ကာ နောက်ဘက် ပြန်ငဲ့ကြည့်လိုက်မိစဉ်မှာ . . . ခုနကနေရာ၌ . . . ကားများ အားလုံး ရပ်တန့်ငြိမ်သက်ပြီးဖြစ်ရာ . . . လမ်းလယ်ကောင်မှာ တော့ လဲကျနေသော ယောကျ်ား။ ပြေးလွှားနေဆဲဖြစ်သော မိန်းမတို့ ဟာ . . . လူ

အုပ်ကြီးတစ်ခုရဲ့ ဖုံးလွှမ်းမှုနှင့် မြင်ကွင်းမှ ခဏတွင်းချင်းနှင့် ပျောက်ကွယ်သွားလေသည် . . .။

"မောင်း . . . မောင်း . . . မြန်မြန်မောင်း ကိုကို . . . မောင်း . . . မောင်း . . . လူအုပ်ကြီးမှ . . . အကြီးကြီးပဲ . . . ဘာမှ မဖြစ်ဘူး . . . ကိုကို့ကြောင့် မဟုတ်ဘူး . . . မောင်း . . . မောင်း . . ."

ပီယကား . . . ရုတ်တရက် အခိုက်အတန့်လေးအတွင်းမှာ . . . အမှန်အမှား၊ ကောင်းကျိုး ဆိုးကျိုးတို့ ကို . . . ဘာမှ မဆင်ခြင်၊ မဆုံးဖြတ်နိုင်တော့ဘဲ . . . အဟုတ်ပင် . . . ဆက်လက်မောင်းထွက်လာခဲ့မိပါတော့သတည်း . . .။

"ဒုန်း . . . ဆိုတဲ့ အသံကြီး လုံးဝမကြားလိုက်ဘူး . . . တစ်ခုခုဆိုရင် အဲဒါ ကိုကို့ကြောင့် လုံးဝ မဟုတ်ဘူး . . . ကိုကိုနဲ့ လုံးဝဥဿုံ မတိုက်မိဘူး . . . သေချာတယ် . . . ထိဖို့ ဝေးရော . . . လေဟပ်တာ တောင် မဖြစ်နိုင်ဘူး . . . သူ့ဘာသာသူ ချော်လဲကျတာ . . . တစ်ခုခုဆိုရင် . . . တခြားကားတွေကြောင့် . . . နောက်ကားကြောင့် . . . ဘေးကားကြောင့် . . . ကိုကိုကတော့ လွတ်တယ် . . . အလွတ်ကြီးပဲ . . . ဘာမှ မှ . . . မထိမိလိုက်တာ . . . ထိရင် အသံမြည်ရမယ် . . . ကားလည်း အရှိန်တန့်တာတို့ ဘာတို့ တစ်ခုခုဖြစ်ရမယ် . . . ကားပေါ်ပါတဲ့ သူတွေလည်း ထိလိုက်မိပြီဆိုတဲ့ ဖီလင်ကို ရကို ရရမယ် . . .

ခုဟာကတော့ . . . ကိုကိုနဲ့ ဘာမှ ကိုမဆိုင်ဘူး . . . ဘာဆိုဘာမှ မပတ်သက်ဘူး . . ."

ဂီတက . . . အိမ်ရောက်သည် ထိ လမ်းတစ်လျှောက်လုံး ဒီစကားတွေကိုပဲ တတွတ်တွတ် ပြောပြီး လိုက်ပါလာပါသည် ။ ပီယကား ညီမငယ်ကို "တိတ်စမ်း" ဟု ကျိုးမအော်မိတော့ပေ . . .။ ဂီတရဲ့ စကားတွေက

. . .နောက်ပြန်လှည့်မကြည့်စတမ်း ဆက်လက်မောင်းထွက်လာခဲ့မိသည့် . . . ကိုယ့်အဖြစ်ကို . . . စိတ်သက်သာရာ . . . ရစေနိုင်မလားဟု ထင်သည် . . .။

"ကိုကိုနဲ့ ပတ်သက်တယ်ထင်ရင် . . . အမှုအခင်းက လိုက်ကိုလိုက်လာရမယ် . . ."

နောက်နှစ်ရက် သုံးရက် ကြာသည် အထိ မောင်နှမနှစ်ယောက်လုံး အိမ်တွင်းအောင်း၊ ငြိမ်ကုပ်နေမိကြသော်ငြား . . . အခြေအနေက ဘာမှ ထူးခြားမလာခဲ့ပါ . . .။ အဆိုးထဲက အကောင်းအဖြစ် . . . နောင်သောအခါတွေမှာ . . . "ဇောင်းကြွမြှောက်ပေး" တတ်သော . . . ဂီတရဲ့ ငယ်ကျင့်လည်း တစ်ခါတည်း ပျောက်ကွယ်သွားခဲ့သလို . . .၊ အကြာကြီးနေမှ ကားပြန်မောင်းခဲ့တဲ့ ပီယလည်း . . . ကားနဲ့ ပတ်သက်တဲ့ . . . အန္တရာယ်ရှိနိုင်သော အလေ့တွေအားလုံး . . . လုံးဝပျောက်ကွယ်သွားပြီး . . . သတိအင်မတန်ကြီးတတ်သူတစ်ယောက် ဖြစ်သွားခဲ့ပါသည် . . .။

***

"ဖေဖေ . . . ပြီးပြီလား . . . အဆင်ပြေရဲ့ လား . . . ရေဆေးလို့ ရသလား ဖေဖေ . . ."

"ရှိန်"က ရေချိုးခန်း အိမ်သာတံခါးကို အပြင်ကနေ ခပ်ဆတ်ဆတ် ထုကာ . . . မေးခွန်းထုတ်နေမိပါသော်လည်း . . . အတွင်းမှ ဘာဖြေသံမှ ပြန်ထွက်မလာပေ . . .။ ငြိမ်ချက်သား ကောင်းလွန်းလှပါသည်။

"ဖေဖေ . . . သမီး မေးနေတာ . . . ပြီးပြီလားလို့ . . ."

"ဝူး . . ."

မေးခွန်းနှင့် မပတ်သက်သော ဖြေသံတစ်ခု ပြန်ထွက်လာသဖြင့် ရှိန်

က သက်ပြင်းလေး ကျိတ်ချလိုက်မိပါသည် ။ ဘယ်လိုပဲ ပြန်ဖြေဖြေလေ . . . အသံလေးတစ်ခု ကြားနေရရင် . . . အဆင်ပြေတာပဲ . . .။ ဘာမှ ပြန်မကြားရတာနဲ့ စာရင် . . . တစ်ခုခုကြားနေရသေးတာကိုပဲ ကျေနပ် . . . အကောင်းမှတ်ရမယ့်နေ့တွေ ကာလတွေ . . . ဘယ်လောက်ကြာကြာများ . . . ရှိန်တစ်ယောက်တည်း ထပ်မံဖြတ်သန်းနေရဦးမှာ ပါလိမ့် . . .။

အခင်းကြီးသွား(လွယ်လွယ်ပြောရရင်တော့ အီအီးပါ)နေသော အဘိုးကြီးတစ်ယောက်ကို . . . အိမ်သာတံခါးလေးစေ့ပြီး အပြင်ကနေ တတွတ်တွတ် မေးစမ်းနေရတာမျိုးထက်စာရင် . . . ရှိန်က ကိုယ်ပါလိုက်ဝင်သွားပြီး . . . ကလေးတစ်ယောက်ကို ပြုစုယုယသလိုသာ ပြေးလုပ်ပေးလိုက်ချင်မိ တာပါ။ မကောင်းတတ်လို့ သာလေ . . .။ “အဖေနဲ့ သား ” ဆိုရင်မှ သင့်တော်မယ့် ဒီလိုအလုပ်မျိုးကို ခုဟာက ကိုယ့်မှာ က . . . “အဖေနဲ့ သမီး” တောင် မဟုတ် . . . “ယောက္ခထီးနဲ့ ချွေးမ . . .” ဖြစ်နေခဲ့သေးတာကောလေ . . .။

အဖေရင်း သမီးရင်းလောက် ဖြစ်နေခဲ့ရင်တောင် . . . ရှိန်က သင့်တော်တာ မတော်တာတွေကို ဘေးချိတ် . . . ။ ရှူရှူးအီအီးကိစ္စမှာလည်း ခုလို ပူပန်မျှော်စောင့်နေရပြီး . . . ပြီးရင်လည်း သန့်သန့်ရှင်းရှင်း သိပ်မဖြစ်လှဘဲ ကျေနပ်လိုက်တာတို့ . . .။ ရေချိုးဖို့ ဆိုလည်း တစ်ပတ်မှ နှစ်ခါ သုံးခါ . . . သူများ ၊ လူတကာထံ လိုက်အကူအညီ တောင်းနေရတာတို့ . . .၊ စိတ်ဒုက္ခတွေကိုတော့ မခံစားချင်ပြီ . . .။ ဒီအဖေတစ်ယောက် ဘာပြောပြော . . . ဘယ်လောက်ငြင်းငြင်း . . .၊ သမီးတစ်ယောက်ရဲ့ အာဏာနဲ့ အတင်းဝင်ဝက်ပါဝင်လိုက်ပြီးနေတာ ကြာလှရှိပေ့ါ . . .။

ခုတော့ ယောက္ခထီးနဲ့ ချွေးမ ဖြစ်နေတာက ခက်လွန်းလှတာပါ . . .

။ ကိုယ်က ဘာမှ သဘော မထားပေမဲ့ . . . အဘိုးကြီးက သဘောထားသည် လေ . . .။ လေနှစ်ကြိမ် ပြန်ဖြတ်လိုက်ဖူးတာမို့ . . . မှတ်ဉာဏ်ချို့ယွင်း၊ သူငယ်ပြန် . . . စသဖြင့်တွေ ဖြစ်နေခဲ့သော အဘိုးကြီးက . . . အခြားနေရာတွေမှာ သာ ကလေးကြီးလိုလို . . . မေ့သလိုလို ရှိမည် . . .။ ရှိန်က သူ့သမီးရင်း မဟုတ်သဖြင့် . . . ရှက်တတ်ရမည် . . . မသင့်တော် . . . ဆိုတဲ့ အချက်ကိုတော့ လုံးလုံးကို မမေ့ . . .။ ခက်လှလေသည် . . .။

သူ့သားတစ်ယောက် မရှိတော့ကတည်းက . . . နိစ္စဓူဝ ဒီပြဿနာသည် ကိုယ့်ကို ကောင်းကောင်း ကြီး ဒုက္ခရောက်စေတော့မည်မှန်း . . . ရှိန်က မသိမဟုတ် . . .။ သိပါရဲ့ . . .။ ကြိုတင်ပြင်ဆင် စိတ်အားတင်းကာ . . . အတတ်နိုင်ဆုံး “သမီးကောင်း”၊ “ချွေးမကောင်း” တစ်ယောက် ပီသမည် . . . ဟု တွေးထားပြီးလည်း ဖြစ်ပါရဲ့ . . .။ သို့သော် . . . ရှိန် ကြိုပြင်ကြိုတွေးထားမိသည် တို့ ထဲမှာ မပါသော . . . သေးသေးမွှားမွှား ပြဿနာအသစ်အဆန်းကလေးများက . . . ရှိန့်ကို အမြဲတမ်း စိန်ခေါ်တိုက်ခိုက် . . . ခေါင်းစားစေတတ်ကာ . . . ရှိန့်ရဲ့ ခံနိုင်ရည်တို့ ကို စမ်းသပ်နေကြသလိုပင် . . .။

သားဖြစ်သူ ရှိစဉ်ကတော့ ရှိန်က ဘေးနားကနေ နည်းနည်းပါးပါး . . . အာကလာ ပါကလာ လောက်ပဲ ကူညီပေးခဲ့ရတာလေ . . . အဲဒီတော့ . . . မကြုံဖူးသေးတဲ့ ပြဿနာရဲ့ အတိမ်အနက်ကို ရှိန်က ကောင်းကောင်း မရိပ်မိနိုင်ခဲ့တာလည်း ပါမည် . . .။

“ဖေဖေ . . . ရေဆေးပြီးပြီလား . . .”

“ဝူး . . .”

ခက်တာက . . . ထို “ဝူး”သည် . . . “Yes” လား “No” လား ဆိုတာကို သူ့သားတုန်းကတော့ “ဝူး”တစ်လုံးနှင့် အရာရာကို သဘောပေါက်သည်

ပင် . . .။ ရှိန့်မှာ သာ . . .။ အေးလေ . . . အတွေ့အကြုံ နည်းသေးလို့ ပါ . . .။ ကြာလာတော့ အတွေ့အကြုံက စကားပြောလာလိမ့်မှာ ပေါ့ . . .။ ကိုယ့်မှာ စေတနာ မေတ္တာနဲ့ စိတ်ကောင်းလေးတစ်ခု ပြင်းပြတည်မြဲနေဖို့ ပဲလိုသည် ။ စိတ်ဆောင်ရင် ဘာမဆို ဖြစ်နိုင်ပါသတဲ့ လေ . . .။ သို့သော် . . . ရှိန့်စိတ်က ကိုယ်တိုင်ပဲ အားလုံးကြဲ . . . လုပ်ဆောင်ပေးလိုက်ချင်သော နေရာမှာ သိပ်ဆောင်နေတာက ပြဿနာ . . .။ ကိုယ်တိုင်ကြဲပေးလိုက်ခွင့် မရသော ခုလိုအခြေအနေမျိုး ကြုံလာရတိုင်း . . . ရှိန့်စိတ်ထဲမှာ ကသိကအောက်နှင့် တစစ်စစ်သာ . . .။

အေးလေ . . .။ သူလည်း ဒီလိုအခြေအနေမျိုးကြီးနဲ့ ဖြစ်နေတဲ့ သူ့အဖေကြီးနဲ့ . . . ရှိန့်ကို စိတ်ချလက်ချကြီး . . . ဘယ်ခွဲခွာ ချန်ထားရစ်ခဲ့ချင်မှာ လဲနော် . . .။ ကံကြမ္မာရဲ့ အလှည့်အပြောင်းကိုက ဒီလိုပဲဖြစ်ဖို့ ဖန်လာတာ . . .။ ဒီလမ်းကိုပဲ ရွေးချယ်ရတော့မှာ မို့ . . .ရှိန်က ရွေးချယ်ခဲ့ရတာ . . .။ သူလည်း နောက်ဆံတငင်ငင် စိတ်မဖြောင့် လက်မဖြောင့်သာ ရှိရှာမည် . . .။ ရေမိုးချိုးဖို့ ကိစ္စ . . . ၊ ရှူရှူးအီအီးကိစ္စတွေမှာ ရှိန် အခက်ကြုံရတော့မည်ဆိုတာ . . . သူ့စိတ်ထဲလည်း (ပြောမသွားသော်လည်းပဲ) ရှိတော့ ရှိခဲ့ရှာမှာ ပါပဲ . . .။

"ဖေဖေ . . . ပြီးပြီဆိုရင် ထွက်တော့လေ . . . ဒါမှ မဟုတ် . . . သမီး ဝင်လာခဲ့ရမလား . . ."

"ဂူး . . ."

ရှိန်က သက်ပြင်းတစ်ခုကို အသာချကာ တစ်ကနေ နှစ်ဆယ်ထိ ခပ်ဖြည်းဖြည်း ရေရွတ်နေလိုက် သည် . . .။ နှစ်ဆယ်ပြည့်ပြီးလျှင်တော့ . . . အိမ်သာတံခါးလေးကို စေ့ထားရာကနေ ခပ်ဟဟလေး ဖြည်းဖြည်းဆွဲဖွင့် . . . လူတစ်ကိုယ်လုံး မြန်မြန်ကြီး ဝင်ချမသွားသေးဘဲ . . . မျက်

လုံးလေးဝင် . . .၊ ခေါင်းလေးပြူကာသာ အရင်ချောင်း . . .။ အသိစိတ် ရှိခဲ့စဉ်က အတော်ကြီး အရက်အကြောက်ကြီးခဲ့ ဖူးဟန်တူတဲ့ ယောက္ခထီးကြီးဟာ . . . သူ့ကိစ္စမပြီးခင် ရှိန်က ကြည့်မိပြန်ရင်လည်း . . . အရက်ကြီးရှက်လို့ မဆုံးပြီ . . .။ အဲဒီအခါကျ . . . ဒေါ်တွေကြီးကာ အိမ်ကရှိ သမျှပစ္စည်းတွေ ရိုက်ခွဲဖျက်ဆီးပစ်တာတို့ . . .။ ရှိန့်အလစ်မှာ အိမ်ပေါ်က ပြေးဆင်းပြီး ထင်ရာနေရာ လျှောက်သွားပစ်တာတို့ လုပ်တတ်သဖြင့် . . . ရှိန့်မှာ . . . အရမ်းကာရောကြီးကလည်း မလုပ်ရဲပါ . . .။

အရမ်းကာရောကြီး မလုပ်ရဲသလို . . . အချိန်တွေဆွဲထားပြီးတော့လည်း နေ့မနေရဲ . . .။ သူ့သား ဒီအိမ်မှာ မရှိဘူးဆိုတာ သိလိုက်ရတဲ့ စောစောပိုင်း ကာလများက သားကိုလွမ်းစိတ်၊ မနေတတ် မထိုင်တတ်စိတ်တို့ နဲ့ အဖေကြီးဟာ . . . ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံဖို့ လည်း ပဲ အမြဲကြိုးစားနေတတ်သေးတာ . . .။

“အီးပါမယ်” ဆိုပြီး . . . ရေအပြည့်ရှိတဲ့ အုတ်ကန်ထဲ ခေါင်းနှစ်ထားလား နှစ်ရဲ့ . . .။ ရေချိုး ခန်းနံရံနဲ့ ခေါင်းနဲ့ တိုက်နေလားတိုက်ရဲ့ . . .။ သူက တစ်ခုခုဆို . . . ရှိန် လိုက်မကြည့်နိုင်တဲ့ . . . ဒီရေချိုးခန်း အိမ်သာခန်းကိုပဲ အမြဲရွေးချယ်အသုံးချတတ်သူမို့ပါ . . .။

ခုနောက်ပိုင်းကျမှ . . . ရှိန်က သူ့သားအကြောင်းတွေကို . . . လှည့်ပတ်ပြီး . . . ပုံပြောသလို . . . နေ့စဉ် အချိန်ပေးရှင်းပြထားတော့မှ . . . ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံချင်တာတွေ ရပ်တန့်သွားပြီး ရှိန့်ကိုလည်း အတော်ကြီး လက်သင့်ခံ ယုံကြည်လာခဲ့တာပါ . . .။ ဒါပေမဲ့လည်း ရှိန့်မှာ တော့ . . . လုံးဝဥဿုံ . . . စိတ်ကို တုံးတုံးကြီးချပြီး ယုံစားမထားရဲသေးဘူးပေ့ါနော်. . .။

အရင်ကတော့ သူတို့ နေခဲ့ကြတဲ့ အိမ်နဲ့ ရပ်ကွက်က . . . ဒီအဖေနဲ့ ဒီ

သားအကြောင်းလည်း အစဉ်း သိတွေဆိုတော့ . . . တစ်ခုခုဆို သားဖြစ်သူက မအားလပ်ရင် အလုပ်ကိစ္စရှိရင် . . . အရပ်က အဖေကြီးကို ဝိုင်းစောင့်ရှောက်ထားပေးတတ်ကြတာမျိုး ရှိသည် ။ ခုနေကျတော့ . . . အဘိုးကြီးတစ်သက်လုံး နေခဲ့တဲ့ အရပ်က ထိုအိမ်ကလည်း ပဲ . . . သူ့သားကိစ္စနဲ့ ငွေလိုလို့ . . . ရောင်းပစ်ခဲ့လိုက်ရပြီး . . . နည်းနည်း ပိုဈေးသက်သာတဲ့ ဒီရပ်ကွက်ကို ပြန်ဝယ်ပြီး ပြောင်းလာခဲ့ရတာကိုး . . .။ ရောဂါသည် များ ဟာ အိမ်မြေနေရာ ပြောင်းရွှေ့လိုက်ရရင်လည်း ပဲ . . . သူတို့မှာ အားငယ်တာ၊ ချက်ချင်း အထာမကျနိုင်တာတွေ ရှိရှာမည် . . .။

သားကလည်း ပျောက်၊ နေရာထိုင်ခင်းကလည်း ရတ်တရက်ပြောင်းဆိုတော့ . . . ချွေးမဖြစ်သူ ရှိန့်ကို အဘိုးကြီးအနေနဲ့ မသင်မကာ မယုံမကြည်နဲ့ စိတ်အားငယ်ပြီး သေချင်နိုင်တာလည်း မထူးဆန်းလှပါပေ . . .။ ရှိန့်မှာ သာ . . . ထူးဆန်းအံ့ဩစရာကောင်းပြီး အရင်က စိတ်မှန်းနဲ့ တောင် မကြုံဖူးတဲ့ ဘဝကြီးထဲ ငါးလခြောက်လအတွင်း ဗြုန်းခနဲရောက်ရှိသွားခဲ့ရတာလေ . . .။

ဒီမတိုင်ခင် ခြောက်လခန့်ကတော့ ရှိန်ဟာ . . . မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက် . . . ဆိုပေမဲ့ . . . အလိုလိုက်ထားပြီး မျက်နှာမညိုစေခဲ့တဲ့ အဒေါ်တစ်ယောက်ရဲ့ တူမကလေးအဖြစ် ကျောင်းတက်ဖို့ နဲ့ စာကျက်ဖို့ နှစ်ခုလောက်ကိုသာ စိတ်ထဲထားစရာလိုခဲ့တဲ့ . . .၊ ဘွဲ့ကလေးတစ်ခု ရခဲ့ပြီးတာတောင် . . . လောကကြီးအကြောင်း ဘာမှ သိပ်မသိသေးတဲ့ . . . ပီဘိကလေးငယ် . . . အပျိုစင်ကလေးတစ်ယောက်ပင် . . .။

ခုလို . . . ထိန်းသိမ်းရခက်တဲ့ ရောဂါသည် အဖေကြီးတစ်ယောက်ကိုတာဝန်တွေယူ စောင့်ကြပ် ပြီး . . . တစ်အိမ်ထောင်လုံးရဲ့ တာဝန် . . . ကိုယ်ခေါင်းပေါ် ပုံနေခဲ့ဖို့ ဝေးလို့ . . .။ အိမ်ဦးစီးဆိုတဲ့ နေရာကို ရောက်

နေဖို့ ဝေးလို့ . . . အိမ်ထောင်တစ်ခု ဘယ်လိုလည်ပတ် ရပ်တည်နေခဲ့ပါလိမ့် . . . ဆိုတာ မျိုးကိုတောင် မသိခဲ့သူပင် . . .။

ခုတော့ ဒီခြောက်လ . . . ကာလအတွင်း . . . ရုတ်တရက် . . . အိမ်ထောင်ကကျ . . .၊ အိမ်ထောင်တစ်ခုရဲ့ စီးပွားရေးက မျှော်လင့်ထားသလို ဖြစ်မလာ . . .၊ ငွေဆိုတာ ရှာရကျပ်သည့် ပစ္စည်း တစ်မျိုးပါလားဆိုတာ ဖြုန်းခနဲ သိလာရ. . .၊ အိမ်အလုပ်ဆိုတာမျိုးတွေအပြင် . . . ယောက္ခထီး ရောဂါသည် ကြီးတစ်ယောက်ရဲ့ တာဝန်ဆိုတာမျိုးတွေကိုလည်း မျက်ဝါးထင်ထင် ကြုံလာရ . . .။ ပုံနှစ် အားကိုးရတော့မည်ဟု ထင်မှတ်ထားမိသည့် လင်ယောက်ျားဖြစ်သူကလည်း . . . လေးငါးလလောက် ပေါင်းလိုက်ရ အပြီးမှာ ကိုယ့်အပါးဝယ် မရှိတော့ . . .။ သူ့ကိုယ်စား . . . သူ တာဝန်ယူထားရသည့် ယောက္ခထီးကြီးကပဲ ကိုယ့်နားမှာ ကျန် . . .။

အစစအရာရာ . . . "ဟန်ကျပြီ" ဟု မျက်စိမှိတ် စီစဉ်ပေးသွားသော ဒေါ်ဒေါ်ကတော့ဖြင့် ခုလောက်ဆို . . . ဘဝသစ်၊ နေရာသစ်မှာ . . . ငြိမ်းချမ်းအထာကျနေလောက်ပြီ . . .။ သူ့တူမချောရဲ့ ရုတ်တရက် ကြီးရင့်အရွယ်ရောက်ကာ . . . အိမ်ဦးစီးအဖြစ် ရာထူးတက်၊ ခေါင်းကိုက်နေရမှုတွေကို . . . ဒေါ်ဒေါ်တစ်ယောက် ဘာမှ ရိပ်စားမိလိမ့်မည်မဟုတ် . . .။ အောင်မြင်နေပြီ . . . ထင်သည့် သူ့လုပ်ရပ် သူ . . . ပြုံးမြမြနှင့် ကျေနပ်ကာ တရားရိပ်မှာ အေးဆေးနေပေလိမ့်တော့မည် . . .။

"ချောကလက်စားမယ် . . ."

ရေချိုးခန်းမှာ ဆေးကြောသန့်စင်နေသည့် ရှိန့်ကို အဘိုးကြီးက . . . ကလေးမုန့်ပူဆာသလို လှမ်းပြောလိုက်ပါသည် . . .။

"ဟုတ် . . . ဟုတ် . . . ခဏ အဖေရေ . . ."

"ချောကလက်အစစ်ကို ပြောတာနော် . . . ထန်းလျက်တွေကို ချော

ကလက်လို့ ညာပြီးမကျွေးနဲ့ . . .”

ရှိန့်မှာ သက်ပြင်းမောကြီးများ ပင် ချမိပါသည် ။ ငွေရေး ကြေးရေး ချွေတာရမည် ဖြစ်တာရော . . .။ ရေခဲသေတ္တာမရှိသည့်အိမ်မှာ . . . ချော ကလက် ဆိုတာမျိုးတွေကို ဝယ်ချင်တိုင်း ဝယ်ထားလို့ မရနိုင် တာရောနှ င့် . . . ။ အဆင်မပြေသည့်အခိုက် . . . ထန်းလျက်ခဲကို ချောကလက်ဟု ညာမိသည့် တစ်ကြိမ်နှင့်ပင် . . . ရှိန့်မှာ . . . ဤရပ်ကွက်ထဲ . . . ၊ အပေါ င်းအသင်း မိတ်ဆွေတွေကြားထဲ . . . နာမည်ကလည်း ပျက်ချင်တိုင်း လို မ့်ပျက်နေရပါတော့သည် . . . ။

ချွေးမဆိုတဲ့ အမျိုးအစားဟာ . . . သံပရာသီးကို ကြိုးကြာဥပါဟု လိ မ်ကျွေးခဲ့သော . . . ရာဇဝင် လာနိပါတ်ကလည်း အထင်အရှားပင် ရှိသ ည် မဟုတ်လား . . . ။ သူ့သားမရှိချိန်မှာ . . . ထန်းလျက်ကို ချောကလက် လုပ်မိသည့်အဖြစ်ဟာ . . . နည်းတဲ့ အပြစ်ကြီးလားလေ . . . ။

“ရပ်ကွက်ကောင်းထဲက အိမ်ကြီးရခိုင်ကြီး တစ်လုံးလုံးကို ရောင်းပ စ်ထားတဲ့ ပိုက်ဆံတွေကချည်း နည်းရော့သလား . . . ဒီကြားထဲ သားလု ပ်တဲ့ သူ . . . ယောကျ်ားလုပ်တဲ့ သူက . . . နိုင်ငံခြားထွက် အလုပ်လုပ်နေ ရတဲ့ . . . Show Job ပဲဟာ . . . ရောဂါသည် အဖေကြီးကတော့ . . . က လေးလိုလို . . . ဘာလိုလိုနဲ့ . . . ဘာတစ်လုံးမှ နားမလည် မသိတတ်တဲ့ . . . ချွေးမတစ်ယောက်လက်ထဲ . . . ငုတ်တုတ် ကျန်ရစ်ရတာ . . . ဘာမှ မသိတတ်တဲ့ ချွေးမဆိုတာ . . . ရှိတဲ့ ပိုက်ဆံတွေ သုံးဖြုန်းပစ်ဖို့ လောက် တော့ သိတတ်တယ် ထင်ပါရဲ့ . . . ကောင်လေးကို ယူကတည်းက ဒီအရ ည်တွေ ကြည့်ယူခဲ့လိုက်တာပဲဟာ . . . ငါတော့ . . . အဘိုးကြီး . . . ကြည့် ကြည့်ပြီးတော့ပဲ . . . သနားပါတယ် . . . .”

ဒါကတော့ . . . အဘိုးကြီးနဲ့ သားဖြစ်သူတို့ ရဲ့ ဆွေမျိုးညာတိများ ထံမှ

. . . ထွက်ပေါ်လာတတ် ကြတဲ့ အတင်းစကားမျိုးပါ . . .။ အဲဒီလို . . . “ အဘိုးကြီး ကြည့် ကြည့်ပြီးတော့ပဲ သနားပါတယ် . . .” ဆိုသူများ ဟာ . . . ခုချိန်မှာ . . . ထိုချွေးမဖြစ်သူဟာ . . . သူတို့ သနားတဲ့ အဘိုးကြီးကို မိုးလင်း ကမိုးချုပ် ထိုင်စောင့်ကြည့်မနေနိုင်တော့ဘဲ . . . အိမ်စရိတ်ရဖို့ . . . ဝင်ငွေတစ်ခု ပုံမှန်ရှိဖို့ . . . အလုပ်ထွက်လုပ်ကို လုပ်မှ ဖြစ်တော့မည် . . . ဆိုတာမျိုးပါ သိသွားကြရင်ကော . . .။

သနားလွန်းလို့ . . . ဆိုပြီး . . . ရှိန် အ လုပ်သွားနေချိန်မှာ တစ်နေကုန် နေ့တိုင်းလာရောက် စောင့်ကြပ်ကြည့်ရှုပေးနေနိုင်ကြမည်တော့ မထင်ပေ။ ယောက္ခမရောဂါသည် ကို ပစ်ထားခဲ့ပြီး နေ့တိုင်း အပြင်ထွက်တဲ့ ချွေးမအဖြစ်သာ . . . ရှိန့်မှာ . . . နာမည်ပျက်ကြီးတွေ ပိုကြီးလာရတော့မှာ ပါပဲ။

ဘာပဲဖြစ်ဖြစ် . . . ရှိန် အလုပ်တစ်ခုခုလုပ်မှ ဖြစ်တော့မည် . . .။ ခုနေ ရှိန့် လက်ထဲမှာ . . . အိမ်ကြီးရောင်းထားစဉ်က ငွေပိုလက်ကျန်ဆိုတာမျိုး ရှိနေသေးပေမဲ့ . . . ယောက်ျားဖြစ်သူထံမှ . . . “အခြေအနေမလှ . . .” ဆိုသော သတင်းကို မနေ့ကပဲ ရခဲ့ပြီးပြီ . . .။ သူ နိုင်ငံခြားထွက် အလုပ်လုပ်နိုင်ဖို့ အတွက် . . . ပေးကမ်း . . . လမ်းခင်းဖို့ ငွေသိန်းကို ဆယ်နဲ့ ချီပြီး လိုအပ်နေလို့ သာ ဟိုအိမ်ကြီးကို ရောင်းလိုက်ရတာ. . . ၊ နိုင်ငံခြားထွက် အလုပ်လုပ်သည် ဆိုတိုင်းလည်း . . . Show Job . . . Show Job ဆိုတိုင်း . . . ဝင်ငွေတွေလိုမ့်ပြီး ပြန်မရလာနိုင်တာကို . . . ဘေးလူတွေကတော့ သိမည်မဟုတ်။

ရှိန့်မှာ တော့ ယောက်ျားဖြစ်သူထံမှ . . . ဝင်ငွေတွေ လိုမ့်ရလာနိုင်ဖို့ ဝေးလို့ . . . သူ ဟိုမှာ ဒုက္ခမရောက်အောင်ပင် ကိုယ်က ဒီကနေ ထပ်ပို့ပေးနေရဦးမယ့် သဘောမျိုး . . .။ ဝင်ငွေမရှိဘဲ . . . သူ့လည်း ထပ်ပို့ရ .

. . ဒီမှာ လည်း ဒီတိုင်းထိုင်စားနေရင် . . . လက်ထဲကျန်တဲ့ ပိုက်ဆံကလ ည်း . . . ဘယ်လောက်များ ခံနိုင်မှာ တဲ့ တုံး . . .။

ခုကျတော့ . . . အများက . . . ကလေးလိုလို ခွေးလိုလို ကောင်မလေး ဟု ထင်မှတ်ကြသောရှိန်သည် . . . လက်ထပ်ပြီး လေးငါးလသာ ပေါင်း ရသေးသော လင်ယောက်ျားဖြစ်သူ . . . အနားမှာ မရှိနိုင်တော့သည့်အခို က် . . . တာဝန်ကြီးလှသော ယောက္ခထီး အဘိုးကြီးတစ်ယောက်နှင့် . . . အိမ်ထောင်တစ်ခုရဲ့ ဦးစီးအဖြစ် . . . လောကကြီးအလယ်မှာ တိုက်ပွဲဝင် ဖို့ အသင့်ပင် ဖြစ်နေချေတော့ပြီ . . .။

"ချောကလက် . . . ချောကလက်ပါဆို . . . ခုချက်ချင်း ချောကလက်မ စားရရင် . . . ငါ ဒီနေရာမှာ ပဲ . . . အီးတွေပါချလိုက်မိတော့မယ်နော် . . ."

"အာ . . . အာ . . . ခဏလေး . . . ဖေဖေ . . . ဒီမှာ . . . သမီးပြီးတော့ မယ် . . . ဟောတော့ . . ."

သူ့ဟာနဲ့ သူ . . . ဝမ်းမခိုင် ဖြစ်နေဟန်တူသော အဘိုးကြီးက . . . ရှိန့် ကို ခြိမ်းခြောက်သလိုလိုကြီး ပြောလိုက်အပြီးမှာ . . . ရေချိုးခန်းထဲ အမြ န်ဆုံး ပြန်ပြေးဝင်လာရင်း . . . နှုတ်ကလည်း . . . "တရွှေးရွှေး" နှင့် ရှိန့် ကို ပြန်မောင်းထုတ် . . .။ လူကလည်း . . .။

ရှိန့်မှာ သက်ပြင်းတွေ တစ်ထွေးကြီးနှင့် ရေချိုးခန်းထဲက ပြန်ထွက် . . .။ တံခါးကို ပြန်ဆွဲစေ့ ပေးရင်း . . . အပြင်ဘက်က ကြမ်းပြင်မှာ ခြေပ စ်လက်ပစ်ကြီးပဲ ထိုင်ချလိုက်မိပါတော့သည် ။ ပေါင်တွေ ခြေသလုံးတွေ မှာ ပါ ပေကျံကုန်နိုင်ပြီ ဖြစ်တာတွေကို . . . ရှိန် ဘယ်လိုစီစဉ်ရမလဲ . . . ။ ရှိန်က လုပ်ပေးချင်တာတောင် ယောက္ခထီးက လက်သင့်ခံမည် မဟု တ် . . .။ ခါတိုင်း ရိုးရိုးတန်းတန်းကိစ္စလို . . . သူ့ချည်း ပြီးစေခဲ့ခိုင်းလို့

လည်း . . . စင်ကြယ်သန့်ရှင်းမှာ မဟုတ် . . .။

ရေမိုးချိုး ကူညီဖို့ ကိစ္စကို လမ်းထိပ် ကျန်းမာရေးဆေးခန်းက အကူ ကောင်လေးနှင့် လခသဘော စကားပြောဆို ညှိထားကြပါသော်လည်း . . . ဒီနေ့ ရေချိုးရက် မဟုတ်တာမို့ . . . ကောင်လေး ရှိ မရှိ မသေချာ . . .။ ရှိသည် ပဲ ထားပါဦး . . .။ ရေအပြည့်ရှိနေသော အုတ်ကန်ကြီးတစ်ခု ရှိနေသည့် ရေချိုးခန်းထဲမှာ . . . အဘိုးကြီး တစ်ယောက်တည်း ချန်ရစ်ပြီး . . . ရှိန်က လမ်းထိပ်သို့ မပြေးဝံ့ . . .။

အဲဒီရေပြည့်အုတ်ကန်ထဲ . . . ရှိန့် ခေါင်းပဲနှစ်ထည့်ထားလိုက်ရမလား မဆိုနိုင်ပေ . . .။

*